# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

# အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

# ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

## မဟာဘွဲ့(M.C.Sc./M.C.Tech./ M.I.Sc./M.A.Sc.) သင်တန်းများအတွက် သင်တန်းသားများ ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်နေ့တွင် စတင်၍ မဟာဘွဲ့သင်တန်းများ (M.C.Sc./ M.C.Tech./ M.I.Sc./ M.A.Sc.)ကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများအနက် မဟာကွန်ပျူတာသိပ္ပံ/မဟာကွန်ပျူတာနည်းပညာ (M.C.Sc./M.C.Tech.)သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး မဟာဘွဲ့ကြို(Course-work) သင်တန်း (၁)နှစ် နှင့် သုတေသနကျမ်းပြုသင်တန်း (၂)နှစ်၊ စုစုပေါင်း (၃)နှစ် သင်တန်းဖြစ်ပါသည်။ မဟာသုတသိပ္ပံ(M.I.Sc.)သင်တန်း နှင့် မဟာအသုံးချသိပ္ပံ(M.A.Sc.)သင်တန်းသည် အချိန်ပြည့်သင်တန်း ဖြစ်ပြီး Blended Learning ဖြင့် သင်ကြား၍ မဟာဘွဲ့ကြို (Course-work)သင်တန်း (၁)နှစ် နှင့် သုတေသနကျမ်းပြုသင်တန်း (၂)နှစ်၊ စုစုပေါင်း (၃)နှစ် သင်တန်းဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူ ဖြစ်ရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဝန်ကြီးဌာနများမှ တစ်ဆက်တည်း လုပ်သက် (၂)နှစ် ပြည့်ပြီး လက်ရှိ တာဝန်ထမ်းဆောင်နေသည့် ဆရာ/မများနှင့် ဝန်ထမ်းများသည် B.C.Sc.(Hons.) / B.C.Tech.(Hons.)ဘွဲ့ သင်တန်းတွင် တတိယတန်း ဖြင့် အောင်မြင်ထားပါက ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲ စစ်ဆေး၍ သက်ဆိုင်ရာ M.C.Sc./ M.C.Tech. ဘွဲ့ သင်တန်းအသီးသီးသို့ တက်ရောက်ခွင့် ရမည် ဖြစ်သည်။

(ဂ) M.C.Sc./ M.C.Tech./ M.I.Sc. မဟာဘွဲ့သင်တန်းများ သို့ တက်ရောက်ရန် အဆင့်မီသည့် ကျောင်းသား/သူများ နှင့် ဝန်ကြီးဌာနများမှ တစ်ဆက်တည်း လုပ်သက် (၂)နှစ် ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဆရာ/မများ၊ ဝန်ထမ်းများသည် အရည်အချင်းစစ် စာမေးပွဲဖြေဆိုရန် မလိုဘဲ သက်ဆိုင်ရာ မဟာဘွဲ့သင်တန်းအသီးသီးသို့ တိုက်ရိုက် တက်ရောက်ရန် လျှောက်ထားနိုင်သည်။

(ဃ) D.C.Sc./D.C.A. စာမေးပွဲအောင်မြင်ပြီး မဟာသုတသိပ္ပံသင်တန်း တက်ရောက်ရန်အဆင့်မမီသူများ၊ B.C.Sc.(Hons.)/B.C.Tech.(Hons.)ဘွဲ့ သင်တန်း တစ်ခုခုတွင် တတိယတန်းဖြင့် အောင်မြင်သူများ၊ တက္ကသိုလ်အသီးသီးမှ မဟာတက်ရောက်ရန် အဆင့်မီသူများသည် အရည်အချင်းစစ်စာမေးပွဲ စစ်ဆေး၍ M.I.Sc. ဘွဲ့ သင်တန်းသို့ တက်ရောက်ခွင့် လျှောက်ထားနိုင်သည်။

(င) D.C.M. စာမေးပွဲအောင်မြင်ထားသူများသည် အရည်အချင်းစစ်စာမေးပွဲ စစ်ဆေး၍ မဟာအသုံးချသိပ္ပံ (M.A.Sc.) ဘွဲ့ သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

(စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ်နှင့် သက်ဆိုင်ရာဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၄။ အောက်ပါအတိုင်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကိုကျင်းပမည်ဖြစ်သည်။

| **နေ့စွဲ** | **ဘာသာရပ်** | **အချိန်** | **နေရာ** |
|---|---|---|---|
| ၁၆-၁၁-၂၀၂၄ (စနေနေ့) | အင်္ဂလိပ်စာ | နံနက် ( ၉:၀၀)နာရီမှ (၁၂:၀၀)နာရီ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် |
| | Aptitude Test | နေ့လယ် (၁:၀၀)နာရီမှ (၄:၀၀)နာရီ | |

၅။ (၁၉-၁၁-၂၀၂၄)ရက်(အင်္ဂါနေ့)တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် လူတွေ့ဖြေဆိုကြရမည်ဖြစ်သည်။

၆။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် သို့ (၁၄-၁၁-၂၀၂၄)ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၇။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန (ဖုန်းနံပါတ်၊ ၀၉-၄၄၃၄၄၀၄၇၈၊ ၀၉-၄၄၃၄၄၀၄၇၉) သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။